ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် (သစ်တော) ၃(၂)/၁၆(ဃ)( ၄၆၀ /၂၀၁၉)
ရက်စွဲ ၂၀၁၉ ခုနှစ် ၊ မတ်လ ၇ ရက်

အကြောင်းအရာ။ **အာကာမြင့်ကုန်ထုတ်လုပ်မှုကုမ္ပဏီမှ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ မကျည်းပင်ကျေးရွာအုပ်စု၊ (SWTO-78) တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်မည့်လုပ်ငန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ကို အတည်ပြုပြန်ကြားနိုင်ရန် စိစစ်တင်ပြခြင်းကိစ္စ**

ရည်ညွှန်းချက်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၈-၂-၂၀၁၉ ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ-၂/သတ္တု(၄၀၃/၂၀၁၉)

အာကာမြင့်ကုန်ထုတ်လုပ်မှုကုမ္ပဏီမှ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ မကျည်းပင်ကျေးရွာအုပ်စုအတွင်းရှိ မြေဧရိယာ (၂၀) ဧကကျယ်ဝန်းသော ရွှေသတ္တုလုပ်ကွက်အမှတ် (SWTO-78) တွင် ရွှေသတ္တုထုတ်လုပ်ခြင်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) သည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီပြီး၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ထိခိုက်မှုလျှော့ချရေးအစီအစဉ်များကို တိကျစွာအကောင်အထည်ဖော်ဆောင်ရွက်ပါက ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာထိခိုက်မှုများ လျှော့ချနိုင်မည်ဖြစ်သဖြင့် အဆိုပါအစီရင်ခံစာကို အတည်ပြုနိုင်ပါကြောင်းနှင့် အတည်ပြုပြန်ကြားရာတွင် ရည်ညွှန်းစာ၏ အပိုဒ်(၃) (က မှ အ) ထိပါအတိုင်း အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြန်ကြားနိုင်ရေး လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြလာခြင်းအပေါ် ပြည်ထောင်စုဝန်ကြီး၏ မိန့်မှတ်ချက်အရ ပြန်ကြားခွင့်ပြုကြောင်း အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (၈.၃.၂၀၁၉)

ဆက်လက်ဆောင်ရွက်ရန်

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ကျော်ဇော၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

ညွှန်ကြားရေးမှူးချုပ်